

စိတ်သဘာပမာန
လူ့ဘဝ
အရှင်မာနိတ (ရွှေပြည်သာ)

## စာရေးသူ၏ အမှာ စာ

စာရေးသူရဲ့ ပထမခြေလှမ်းအဖြစ် "နှစ်ကျိပ်ရှစ်ဆူ ဘုရားနှင့် ခုနစ်ရက်သားသမီးများ " စာအုပ်ကို ၂၀၁၅-ခု၊ နိုဝင်ဘာလမှာ ထုတ်ဝေဖြန့်ချိခဲ့ပါသည် ။ ခုနစ်ရက်သားသမီး အားလုံးနှင့် သက်ဆိုင်တဲ့ စာအုပ်တစ်အုပ် ဖြစ်သည် ကို စာဖတ်ပရိသတ်များ သိပြီးဖြစ်ပါသည် ။ ဝယ်ယူ အားပေးသူများကိုလည်း အထူးပင် ကျေးဇူးတင်ပါသည် ။

ဒုတိယခြေလှမ်းအဖြစ် ဓမ္မပဒအဋ္ဌကထာ၊ ပထမအုပ်၊ ယမကဝဂ်၊ စက္ခုပါလတ္ထေရ ဝတ္ထုအား မှီငြမ်းကိုးကားကာ မိမိဉာဏ်မီသလောက်၊ မိမိကိုယ်တိုင် နားလည် ခံစားထားသည် ကို "ဝိပါကဝဋ္ဋ် ပြေးမလွတ်" ဆိုပြီး ၂၀၁၇-ခုနှစ်၊ အောက်တိုဘာလမှာ စာဖတ်သူများ နှင့် မိတ်ဆက်ပေးခဲ့ပါသည် ။ ဝယ်ယူ အားပေးသူများကို အထူးပင် ကျေးဇူးတင်ပါသည် ။

ယခုတစ်ဖန် တတိယခြေလှမ်း အနေဖြင့် ဓမ္မပဒအဋ္ဌကထာ၊ ပထမအုပ်၊ ယမကဝဂ်၊ မဋ္ဌကုဏ္ဍလီ ဝတ္ထုသွားကို မှီငြမ်းကာ မိမိ နားလည်ခံစားသည့် အတိုင်း "**စိတ်သာပဓာန လူ့ဘဝ**" ဖြစ်ကြောင်း သက်သေပြထားတဲ့ စာအုပ်ကလေးကို စာဖတ်သူများ နှင့် မိတ်ဆက်ပေးချင်ပါသည် ။

ခေါင်းစီး၊ နာမည်အရ လူ့ဘဝမှာ စိတ်သည် သာလျှင် အဓိကဖြစ်တ

ယ်၊ စိတ်သည် သာ ပဓာနကျတယ်-လို့ အဓိပ္ပာယ် ရပါသည် ။ သို့ဆိုလျှင် အခြားဘုံဌာနတွေမှာ ကော စိတ်အဓိက မဟုတ်ဘူး လားလို့ မေးစရာ ဖြစ်လာပါသည် ။ တကယ်တော့ လူ့ဘဝမှာ သာ စိတ်က အဓိကကျသည် မဟုတ်၊ နတ်ဘဝ၊ ဗြဟ္မာ ဘဝ၊ ငရဲဘဝ- စတဲ့ ဘုံအားလုံး၊ ဘဝအားလုံး မှာ စိတ်က အဓိကကျပါသည် ။

သို့သော် စာရေးသူရဲ့ စာအုပ်ငယ်ကို နတ်ပြည်၊ ငရဲ ပြည်စတဲ့ ဘုံ တွေမှာ ဖြန့်ချိမှာ မဟုတ်။ လူပြည်လောက မှာ သာ ဖြန့်ချိမှာ ဖြစ်ပါသ ည် ။ ထို့ကြောင့် လူ့ဘုံကိုငဲ့ပြီး "**စိတ်သာပဓာန လူ့ဘဝ**" ဟု နာမည်ပေး လိုက်ပါသည် ။ ဗုဒ္ဓတရားတော်အရ လူ့ဘဝမှာ စိတ်သည် သာလျှင် အဓိ ကဟု စာရေးသူ နားလည်ခံ စားမိပါသည် ။

မှန်၏။ စိတ်မရှိလျှင် ရုပ်သည် အသေကောင်နှင့် မထူးပေ။ ရှင်းပါဦး အံ့။ အသညသတ်ဘုံ၌ ရုပ်သာ ရှိ၏။ နာမ် မရှိပေ။ ဝေဒနာ၊ သညာ မရှိ။ သင်္ခါရ၊ ဝိညာဏ် လုံးဝ မရှိ။ ကျောက်တုံး ကြီးကဲ့သို့ တောင့်တင်းနေတဲ့ ရုပ်သက်သက်သာ ရှိပါသည် ။ လူ့ပြည်က သေတဲ့ ပုံစံအတိုင်း ထိုဘုံ၌ ပေါ်၏။ သွားလာခြင်း၊ စားသောက်ခြင်း မရှိ။ ကျောက်တုံးကြီးနှင့် တူ၏ ။ မသိလျှင် သတ္တဝါဟု မထင်၊ ကျောက်ဆစ်ရုပ်ဟု သာ ထင်စရာ ရှိပါသ ည် ။ ကျောက်ဆစ်ရုပ်နှင့် တူတဲ့ ဗြဟ္မာကြီး ထိုဘုံသို့ ရောက်အောင် မည် သူ ပို့လိုက်သနည်း။ စိတ်က ပို့ပေးလိုက်ပါသည် ။

ထိုဘုံမှ စုတေလျှင် လုံးဝ စိတ်မရှိတဲ့ ထိုဗြဟ္မာကို အခြားဘုံဌာနသို့ ရောက်အောင် မည်သူ ပို့ပေးမည်နည်း။ စိတ်ကပဲ ပို့ပေးပေမည်။ စိတ်က ပဲ ပို့ပေးလိုက်ခြင်း ဖြစ်ပါသည် ။ လူ့ဘဝ တုန်းက ပွားများ ခဲ့တဲ့ ဘာဝ နာစိတ် စွမ်းအင်သည် ကပ်ကမ္ဘာ ပတ်လုံး ကူညီရန် စောင့်နေ၏။ ထို့ကြောင့် စိတ်သည် အဓိကကျ၏။ ဤသဘောကို စာဖတ်သူအား မျှ

ဝေပေးလိုတဲ့ စေတနာ စာရေးသူ ရင်ထဲ၌ အမြဲတေလာ၏။ ထို့ကြောင့် ဤစာအုပ်ကို ရေးဖြစ်သွားပါသည် ။

ဝယ်ယူအားပေးသူများကို အထူး ကျေးဇူးတင်ပါသည် ။ ဆက်လက် ကြိုးစားပါမည်။

အရှင်မာနိတ ( ရွှေပြည်သာ )

ဓမ္မာစရိယ၊ ဝိနယဝိဒူ

တေဇာရာမဘုန်းတော်ကြီးသင်ပညာရေး

အလယ်တန်းကျောင်း

မဟာဗန္ဓုလလမ်း၊ ၁၆-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊

၀၉-၄၅၀၀၁၆၃၈၈-၀၉-၇၉၆၇၅၉၂၅၃

*****

ကျေးဇူးတင်လွှာ

သို့မဟုတ်

ကတညုတ ကတဝေဒီမင်္ဂလာ

ဤစာအုပ်ကို ရေးသားပြုစုနေစဉ်မှာ လွန်ခဲ့သော နှစ်(၂၀)ကျော်က ကွယ်လွန်လေပြီးသော မိဘနှစ်ပါးကို ယခင်ထက်ပို၍ အထူးသတိရ၏။ မိဘနှစ်ပါးတို့ က မွေးဖွားသန့်စင်ကာ ကျွေးမွေးပြုစု ယုယပိုက်ထွေး လာခဲ့၍ သာ စာရေးသူ ဤလောကဦ ရှိလာခဲ့ခြင်း ဖြစ်ပါသည် ။

**မမွေးဖွားဘဲ ဆေးစားခြင်း စတဲ့ နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖျက်ဆီးခဲ့ပါမူကား စာရေးသူ လူဖြစ်လာရန် အကြောင်း မရှိချေ။**

လူဖြစ်လာရခြင်း၊ လူ့ဘဝမှ သာမဏေဘဝသို့ ရောက်ရှိလာခြင်း၊ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ အနန္တော အနန္တ ငါးပါးအား နားလည်သိမြင်စေခြင်း စတဲ့ အရာအားလုံးသည် မိဘတို့ နှင့် စပ်၏။ မိဘဆိုတဲ့ လက်ဦးဆရာတို့ သင်ညွှန်ပြသ၍ သိရ၏။

ထို့ကြောင့် ဗုဒ္ဓကလည်း လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့် ဖ ဖြစ်ကြောင်း ဟောပြ၏။ မိဘတို့ မမွေးလျှင် လောကကြီးကို မြင်တွေ့ရဖွယ်မရှိ။ မကျွေးမွေးလျှင် အသက် မရှင်သန်နိုင်။ မသင်ပြလျှင် အသိအမြင် မရှိနိုင်ချေ။ ထို့ကြောင့် မိဘတို့ သည် ကျေးဇူးတော် အနန္တနှင့် ပြည့်စုံ၏။ ထိုသို့ အနန္တ ဂုဏ်အင် ကျေးဇူးရှင်များ ဖြစ်ကြတဲ့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကျေးတောရွာမှ ဖခင် ဦးအောင်လှဦး+ မိခင် ဒေါ်မပွင့်တို့ အား လည်းကောင်း...

ထို့အပြင် ပဗ္ဗဇ္ဇာစရိယ၊ ဥပသမ္ပဒါစရိယ၊ နိဿယာစရိယ၊ ဓမ္မာစရိယ၊ ဩဝါဒါစရိယများ ဖြစ်ကြတဲ့ ---

၁။ ဘဒ္ဒန္တ သီရိဝံသ၊ ဓမ္မဝေပုလ္လကျောင်း၊ ကျေးတောရွာ၊ မြေပုံ မြို့နယ်၊ ရခိုင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ဝဏ္ဏ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ နဂါးပရိယတ္တိ စာသင်တိုက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။

၃။ ဘဒ္ဒန္တ ကေသရာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မင်္ဂလာ ရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တကွ တိုက်အုပ် တိုက်ကြပ် နာယက၊ စာချ ဆရာတော်များ ။

၄။ ဘဒ္ဒန္တ ဝိဇယ၊ ဆားလင်းပရိယတ္တိ စာသင်တိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ၊ ကျောင်းအုပ်ဆရာတော်၊ တေဇာရာမဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တို့ အားလည်းကောင်း...

ထိုမှ တစ်ပါး စာရေးသူအား ယုတ်နိမ့်တဲ့ ရှင်သာမဏေဘဝမှ ရဟန်းမြတ်ဘဝသို့ ရောက်ရှိအောင် ထောက်ပံ့ကူညီ လှူဒါန်းကြတဲ့ ပစ္စယာနုဂ္ဂဟ ရဟန်းဒါယကာ ဦးဘဌေး+ ရဟန်း ဒါယိကာမ ဒေါ်ခင်ခင်ကြီး၊ အမှတ်(၂၈၆) အခန်း(၁၁) ပန်းဆိုး တန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တို့ အားလည်းကောင်း...

ထို့အပြင် ဤစာအုပ် စတင်ရေးသားချိန်မှ စ၍ ထုတ်ဝေဖြန့်ချိသည် အထိ အစစအရာရာ ကူညီပံ့ပိုးပေးကြကုန်သော ကျေးဇူးရှင် အပေါင်းတို့ အားလည်းကောင်း အထူးကျေးဇူးတင်ရှိ ပါကြောင်း ကတညုတ ကတဝေဒီ မင်္ဂလာစကား ဆိုပါရစေ။ ဂုဏ်ကျေးဇူး အထူးရှိကြကုန်သော မိဘ ဆရာသမား အပေါင်းတို့ နှင့် ရဟန်းဒါယကာ ဒါယိကာမကြီးတို့ အား ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပါ၏။

ကျေးဇူးရှင်အပေါင်းတို့ အား ဤစာအုပ်ဖြင့် ဂါရဝပြုပါ၏။ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

စာရေးသူ

အရှင်မာနိတ (ရွှေပြည်သာ )

*****